ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဓနုဖြူမြို့နယ်

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ဥယျာဉ်ချောင်းကျေးရွာ၊ကပ်ခိုကျေးရွာအုပ်စု

၂၀၂၀ခုနှစ်                                                    ဓနုဖြူမြို့

မာတိကာ


၁ ။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ (ကျေးရွာတည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၆.၁။ ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social and Resource Map)

၆.၂။ ရာသီကွင်းပြ ပြက္ခဒိန် (Seasonal Calendar)

၆.၃။ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking)

၆.၄။ ကျား-မ ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)


၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


၂၀၂၀ခုနှစ် နေပြည်တော် ... 


ဓနုဖြူမြို့နယ်
N
W
E
S
ဓနုဖြူမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး
စကေး ၁.လက်မ = ၁.မိုင်
ဟင်္သာတမြို့နယ်
ဇလွန်မြို့နယ်
ကျုံပျော်မြို့နယ်
ရန်ကုန်တိုင်း
ပန်းတနော်မြို့နယ်
ညောင်တုန်းမြို့နယ်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

# ကျေးရွာအုပ်စုမြေပုံတည်နေရာ




၂၀၂၀ခုနှစ်　　　　　　　　　　ဓနုဖြူမြို့

၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ကပ်ခို | ၂၇၃ | ၄၈၁ | ၅၀၈ | ၉၈၉ | |
| ၂။ | ဥယျာဉ်ချောင်း | ၇၁ | ၁၁၂ | ၁၂၆ | ၂၃၈ | |
| ၃။ | အုန်းတောစု | ၆၃ | ၉၈ | ၁၁၃ | ၂၁၁ | |
| ၄။ | အင်းတာ(အရှေ့) | ၁၇ | ၃၂ | ၃၁ | ၆၃ | |
| ၅။ | အင်းတာ(အနောက်) | ၂၅ | ၄၄ | ၅၁ | ၉၅ | |
| ၆။ | အင်းတာလဟာစု | ၂၄ | ၆၃ | ၅၅ | ၁၁၈ | |
| ၇။ | အင်းတာကြီး | ၅၁ | ၈၈ | ၉၁ | ၁၇၉ | |
| ၈။ | စံတာပေါ်(အရှေ့) | ၃၈ | ၈၅ | ၈၃ | ၁၆၈ | |
| ၉။ | | | | | | |
| ၁၀။ | | | | | | |
| ၁၁။ | | | | | | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |
| ၁၄။ | | | | | | |
| ၁၅။ | | | | | | |
| ၁၆။ | | | | | | |

# ကျေးရွာသမိုင်းကြောင်း

ဥယျာဉ်ချောင်း ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူ မြို့နယ် အရှေ့ဖက်ကမ်းရှိ ဆကာကြီးတိုက်နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ဘာသာ သာသနာ ထွန်းကားသော ကျေးရွာတစ်ရွာ ဖြစ်သည့်အလျောက် အင်္ဂလိပ်ခေတ် မတိုင်မီ လောက်ကပင် ရွာဦး၌ ဘုန်းကြီးကျောင်းငယ် တစ်ကျောင်း ရှိခဲ့ကြောင်းနှင့် ၎င်းဘုန်းကြီးကျောင်း၏ ယခင်ကာလများကပင် အိမ်ခြေများ စတင်တည်ရှိခဲ့ကြောင်း သိရှိခဲ့သည့်အတွက် ခရစ်နှစ် (၁၈၁၂)၊ ယခင်မှ နှစ်ပေါင်း (၂၀၀)ထက် နောက်မကြဲဘဲ တည်ရှိလာကြောင်း ယူဆရပါသည်။ ဥယျာဉ်ချောင်း ကျေးရွာဟု အမည်နာမ ထင်ရှားပေါ်ပေါက်ခဲ့သည်မှာလည်း ယနေ့ မျက်မှောက်ကာလ သဘာဝပတ်ဝန်းကျင် အနေအထားအရ ထင်ရှားမှုများ ရှိနေပါသည်။ ဥယျာဉ်ချောင်း ကျေးရွာသည် အင်္ဂလိပ်ခေတ် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ယခုလက်ရှိ တာတမံကြီး မရှိခင်က ဧရာဝတီမြစ်မှ လက်တက်စီးဝင်သည့် ချောင်းတစ်ခုမှာ ရွာ၏ အနောက်မြောက်အရပ်မှ အရှေ့တောင်အရပ်သို့ ဖြတ်သန်းစီးဆင်းပြီး လှိုင်မြစ်သို့ ပေါင်းဆုံရာ ၎င်းချောင်းကို ဥယျာဉ်ချောင်း ကျေးရွာက မေးတင်လျက်ရှိပြီး ရွာတန်းမှာလည်း အရှေ့အနောက် ချောင်းတလျောက် တည်ရှိခဲ့ပါသည်။ ၎င်းချောင်းမှာ ယခုအခါ ကပ်ခိုချောင်းအမည်နှင့် ဓနုဖြူ မြို့ နယ်မှ အသိအမှတ်ပြု ထားပြီး ဥယျာဉ်ချောင်း ကျေးရွာ၏မြောက်ဖက်၌ ကပ်လျက်အတူ တည်ရှိနေပါသည်။ ရွာ၏အနောက်မြောက်ဖက် (၁) ဖာလုံခန့် အကွာတွင် ဒေါ် ပုံဆိုးဥယျာဉ်ကြီး ဟုခေါ်ခဲ့ပြီး ဥယျာဉ်ပတ်ဟုလည်း ခေါ်ဆိုကြသည့် နေရာတစ်ခုလည်း ရှိပါ သည်။ ယခုအခါ ထိုဥယျာဉ်ကြီးတွင် သစ်ပင်သစ်တောများ မရှိတော့ဘဲ ဆောင်းသီးနှံနှင့် ပဲအမျိုးမျိုး ကိုသာစိုက်ပျိုးလျက် ရှိပါသည်။ ထိုကြောင့် ဥယျာဉ်ချောင်းကျေးရွာဟု အမည်ပေါ်ပေါက် လာရခြင်းမှာ ရွာ နံဘေးမှ စီးဆင်းနေသော ချောင်းနှင့် ဒေါ်ပုံဆိုးဥယျာဉ်ကြီးကို တွဲဖက်၍ ခေါ်ဆိုခဲ့ကြခြင်း ဖြစ်နိုင်ပါသည်။ ဥယျာဉ်ချောင်းကျေးရွာသည် ခေတ်အဆက်ဆက်ကပင် ပထဝီ အနေအထားအရ ကပ်ခို ကျေးရွာအုပ်စု၏ ရွာခွဲတစ်ရွာအဖြစ် ယခုတိုင် တည်ရှိနေပါသည်။ ယခုအခါ ဥယျာဉ်ချောင်းကျေးရွာ၌ အိမ်ခြေ ( ၇၁)လုံးရှိပြီး အမျိုးသား(၁၂၂)ဦး၊ အမျိုးသမီး(၁၃၃)ဦး နေထိုင်ကြကာ အေးချမ်းသာယာ၍ ဘာသာတရား အလွန်ကိုင်းရှိုင်းသော ကျေးရွာတစ်ရွာအဖြစ် တည်ရှိနေပါသည်။

ပါဝင်ဆွေးနွေးသူ ကျား(၇)ဦးမ(၇)ဦး

**၂၀၂၀ခုနှစ်** **ဓနုဖြူမြို့**

ဥယျာဉ်ချောင်း ကျေးရွာ၏ လူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲထားသော လူမှုဆန်းစစ်ခြင်းများနှင့် အကဲဖြတ်ခြင်းများ (PSA/PSA) အကျဉ်းချုပ်


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၃၁.၇.၂၀၁၉ | ကျေးရွာအကြောင်းကိုသိသောရပ်မိရပ်ဖ (အမျိုးသား၊သမီး)များ ကျေးရွာအုပ်ချုပ်ရေးမှူး | ၇ | ၇ | ၁၄ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေး အရင်းမြစ်ပြမြေပုံ (Social and Resource Map) | ၃၁.၇.၂၀၁၉ | ကျေးရွာသူ/သားများနှင့် မြေပုံရေးဆွဲတက်သူ ကော်မတီဝင်အချို့နှင့် ကျေးရွာကြောင်းကိုနှံ့နှံ့ စပ်စပ်သိသောလူငယ် လေးများ | ၆ | ၇ | ၁၃ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေ ရရှိမှု၊ ပညာရေးကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန် (Seasonal Calendar) | ၃၁.၇.၂၀၁၉ | ကော်မတီဝင်များ(ကျား၊မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၁၁ | ၇ | ၁၈ | ကျေးရွာတွင် ရာသီအလိုက် လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့် ပွဲတော်ရက်များအကြောင်း ဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား (Wealth Ranking) | ၃၁.၇.၂၀၁၉ | ကျေးရွာသူ/သားများနှင့် အုပ်ချုပ်ရေးမှူး၊ ကော်မတီဝင်များ | ၁၁ | ၇ | ၁၈ | ကျေးရွာအတွင်းရှိဥစ္စာနေပိုင်ဆိုင်မှုအား အဆင့်ခွဲခြင်း။ |

၂၀၂၀ခုနှစ် ဓနုဖြူမြို့

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ<br><br>(Venn Diagram) | ၃၁.၇.၂၀၁၉ | ကျေးရွာအတွင်းရှိအဖွဲ့စည်းများ၊<br>ကျေးရွာသူ၊ကျေးရွာသားများ | ၇ | ၇ | ၁၄ | ကျေးရွာအတွင်းရှိ လက်ရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအား ဆွေးနွေးခြင်း။ |
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ်<br><br>(Acess to control over) | ၃၁.၇.၂၀၁၉ | ကျေးရွာသူ/သားများ | ၁၁ | ၇ | ၁၈ | အမျိုးသားနှင့်အမျိုးသမီးများ ပိုင်ဆိုင်မှုအရင်းအမြစ်များ |
| ၇ | အမျိုးသား၊<br>အမျိုးသမီးအခြေအနေသုံးသပ်ချက်ပြမြေပုံ<br><br>(Spider Web) | ၃၁.၇.၂၀၁၉ | ကျေးရွာသူ/သားများ | ၁၁ | ၇ | ၁၈ | ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား အမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |
| ၈ | ကျေးရွာ၏ (၅) နှစ်စာ ဦးစားပေး ဖွံ့ဖြိုးရေးအစီအစဉ်<br><br>(Metric Ranking) | ၁.၈.၂၀၁၉ | ကျေးရွာသူ/သားများ၊<br>ကော်မတီဝင်များ၊<br>ရပ်မိရပ်ဖများ၊<br>ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၂၁ | ၂၀ | ၄၁ | ကျေးရွာအတွက်လိုအပ်သော အဆောက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေး အတွက် လုပ်ဆောင်ချင်သော လုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေး အစီအစဉ်ပြဇယား (VTDP) | ၁၆.၁၀.၂၀၁၉ | ကျေးရွာအုပ်စု ကော်မတီဝင်များ၊ | ၄၄ | ၄၄ | ၈၈ | ကျေးရွာအုပ်စုအတွက် ပိုမို၍အရေးကြီးသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ကာ အရင်ဆုံးပြုလုပ်ရန် ဆွေးနွေးခြင်း။ |

# ၁။ဓနုဖြူမြို့နယ်၊ကပ်ခိုကျေးရွာအုပ်စု၊ဥယျာဉ်ချောင်းကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်။




**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ဥယျာဉ်ချောင်းကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပါသည်။ ကျေးရွာသည် အိမ်ထောင်စု(၇၅)ရှိပြီး အမျိုးသား(၁၂၉)ဦး၊ အမျိုးသမီး(၁၄၁)ဦးနေထိုင်ကြပါသည်။ ကျေးရွာ၏မြောက်ဘက်တွင်ချောင်းရိုးရှိပါသည်။ကျေးရွာတွင်ဗမာလူမျိုးစုများနေထိုင်ပြီးဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာမြေလုပ်ငန်းဖြစ်ပြီး ကိုင်းလုပ်ငန်းကိုလည်းလုပ်ကိုင်ကြသည်။ လယ်ယာမြေလုပ်ကိုင်သူ(၁၁) ရာခိုင်နှုန်းရှိပြီးကျန်သော အိမ်ထောင်စုများသည် လက်လုပ်လက်စား လုပ်ကိုင်သူများဖြစ်သည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

လူထုဗဟိုပြုပထမနှစ်စက်ဝန်းတွင် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ခဲ့သည့် အတွက် သွားရေးလာရေးအဆင်ပြေလာပါသည်။

**သောက်သုံးရေ**

မိုးရာသီတွင် မိုးရေကို သောက်သုံးရေအဖြစ်သုံးရသည်။ ကျေးရွာတွင်အဝီစိတွင်းရှိသော် လည်းနံ့သော ကြောင့်ထမင်းဟင်းချက်ပြုတ်ခြင်း၊ အဝတ်လျှော်ခြင်း၊ ဆေးကြောခြင်း လုပ်ငန်းများ တွင်သာအဝီစိတွင်းမှရေကိုအသုံးပြုသည်။မြစ်ရေနှင့်ချောင်းရေတို့ကိုလဲခပ်ယူသုံးစွဲကြပါသည်။

**ပညာရေး**

ဥယျာချောင်းကျေးရွာတွင်စာသင်ကျောင်းရှိပါသည်။ထိုစာသင်ကျောင်းမှာကပ်ခိုကျေးရွာနှင့် ပူးတွဲပိုင်ဆိုင်သည့်အလယ်တန်းကျောင်းဖြစ်ပါသည်။ မိုးရာသီတွင်သွားလာရ လမ်းကျင်းသော ကြောင့်ကျောင်းသားကျောင်းသူများအတွက်အခက်အခဲရှိသည်။

**ကျန်းမာရေး**

ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကပ်ခိုကျေးရွာနှင့်ပူးတွဲပိုင် ကျေးလက် ဆေးပေးခန်း ရှိပါသည်။

**အနှစ်ချုပ်**

ဥယျာဥ်ချောင်းကျေးရွာသည်နွေရာသီတွင်သောက်သုံးရေသန့်ရှင်းမှုအားနည်းခြင်း၊မိုးရာသီ တွင်သွားလာရေး အဆင်မပြေခြင်း၊ ကျေးရွာတွင်အလုပ်အကိုင် အခွင့်အလမ်း နည်းပါးနေသော ကြောင့်အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရ သည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၆) ဦး၊ မ (၇ ) ဦး

## ၂။ ခနေဖြူမြို့နယ်၊ကပ်ခိုကျေးရွာအုပ်စု၊ဥယျာဉ်ချောင်းကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် သုံးသပ်ချက်။



**ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း**

ဥယျာဉ်ချောင်းကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်သူ (၁၂)အိမ်ထောင်စု ရှိပါသည်။နယုန်လတွင် စပါးစိုက်ပျိုး၍ သီတင်းကျွတ်၊တန်ဆောင်မုန်းလတွင်စပါးရိတ်သိမ်းကြပါသည်။ တန်ဆောင်မုန်းလတွင် မတ်ပဲကျဲ၍ တပိုတွဲ၊တပေါင်းလများတွင် ပဲများရိတ်သိမ်းကြပါသည်။တန်ခူး၊ကဆုန်လများတွင်သောက်သုံးရေရှားပါးပါသည်။ နွေရာသီတွင် သောက်သုံးရေကန်မှရေသည်ခမ်းခြောက်ပါသည်။ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် လမ်းပန်းဆက်သွယ်ရေးမကောင်းပါ။ သွားလာရေးအဆင်မပြေပါ။ တန်ခူး၊ကဆုန်လတွင် ဝင်ငွေနည်းပါးပြီး တန်ဆောင်မုန်း၊နတ်တော်၊ တပို့တွဲလများ တွင်ဝင်ငွေ ကောင်းပါသည်။ တန်ခူး၊ကဆုန်တွင်ရွာသူ/ရွာသားများအားလပ်ကျပါသည်။ တန်ခူးလတွင်သင်္ကြန်နှစ်သစ်ကူးပွဲကျင်းပပြီး ကဆုန်လတွင်ညောင်ရေသွန်းပွဲတော်ကိုလဲနှစ်စဉ်ကျင်းပကြ၍ သီတင်းကျွတ်လတွင်မီးထွန်းပွဲများကျင်းပခြင်း၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲကျင်းပသည်။

**အနှစ်ချုပ်**


ဥယျာဉ်ချောင်းကျေးရွာတွင် နွေရာသီသောက်သုံးရေသန့်ရှင်းမှုနဲပါးခြင်း မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးမကောင်းပါ။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေသော ကြောင့်အခြား မြို့နယ်သို့သွားရောက်လုပ်ကိုင်ခြင်းပြဿနာများကြုံတွေ့နေရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၁)ဦး၊မ(၇)ဦး

၂၀၂၀ခုနှစ် နေပြည်တော်

**နေပြည်မြို့**

# ၃။ ဓနဖြူမြို့နယ်၊ကပ်ခိုကျေးရွာအုပ်စု၊ဥယျာဉ်ချောင်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုဇယားသုံးသပ်ချက်



ဥယျာဉ်ချောင်းကျေးရွာ

ကပ်ခိုကျေးရွာအုပ်စု

ရက်စွဲ - ၂၃.၇.၂၀၂၀

ဥစ္စာဓနကြွယ်ဝမှုဇယား

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | လယ်မြေ (၇၀)ဧကပိုင်တိုက်အိမ်၊ ဆန်စက် (၁)လုံး၊ ကား (၁)စီး | ၂ | ၂.၉% |
| အလယ်အလတ်အုပ်စု | လယ်မြေ (၅)၊ သစ်သားအိမ်၊ လယ်ထွန်စက် (၁)စီး၊ နွား (၂)ကောင်၊ လှည်း (၁)စီး | ၁၄ | ၁၉.၇% |
| နွမ်းပါးသောအုပ်စု | ဝါးအိမ်၊ နေ့စားလုပ်သား | ၅၅ | ၇၇.၄% |
| စုစုပေါင်း | | ၇၁ | ၁၀၀% |

**ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း**

ဥယျာဉ်ချောင်း ကျေးရွာတွင် လူမှုအလွှာသုံးမျိုး ရှိပါသည်။ ချမ်းသာသောအုပ်စု၊ ပြေလည်သော အုပ်စုနှင့် မပြေလည်သောအုပ်စု ဟူ၍(၃)မျိုးရှိပါသည်။ ချမ်းသာသော အုပ်စုတွင် အိမ်ထောင်စု(၂)စုရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများသည် အိမ်ခြံမြေ၊ နှစ်ထပ်တိုက်အိမ်များဖြင့် နေထိုင်ကြပြီးလယ်ယာမြေ(၇၀)ဧကပိုင်ဆိုင်ကြပါသည်။ ဆန်စက်(၁)လုံး၊ ကားတစ်စီး၊ဂွန်ဒေါင်း၊ဆိုင်ကယ်၊ဖုန်းပိုင်ဆိုင်ကြပါသည်။ အများအားဖြင့် လယ်ယာမြေ လုပ်ကိုင်သူများဖြစ်ကြပါသည်။ ပြေလည်သောအုပ်စုတွင် အိမ်ထောင်စု(၁၄)စုရှိပါသည်။ အိမ်ခြံမြေများ ပိုင်ဆိုင်ပြီး သစ်အိမ်များဖြင့် နေထိုင်ကြပါသည်။ လယ်ယာမြေအနည်းငယ်လုပ်ဆောင်ကြပြီး၊ အိမ်၏ စီးပွားရေးအဖြစ် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော အုပ်စုတွင် နွမ်းပါးသောအိမ်ထောင်စု(၅၅)စု ရှိပါသည်။ နွမ်းပါးသူများသည် အိမ်ခြံမြေပိုင်ဆိုင်ပြီးဝါးအိမ်များဖြင့် အများဆုံးနေထိုင်ကြပါသည်။ လယ်ယာမြေ မရှိပါ။ ကျေးရွာတွင် ရရာအလုပ်ကိုနေ့စားဝင်ရောက်လုပ်ကိုင်ပြီး စားဝတ်နေရေးကိုဖြေရှင်းရသည်။ နွမ်းပါးသူများသည် ကိုယ်ပိုင်အလုပ်အကိုင်မရှိခြင်း၊ ဝင်ငွေရသူနည်းပြီး စားသုံးသူများနေခြင်း၊ ကျောင်းသား ကျောင်းသူများပညာဆုံးခန်းတိုင်အောင်သင်ကြားရခြင်းမရှိပဲအခြားမြို့များသို့သွားရောက်လုပ်ကိုင်ရပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အလုပ်အကိုင်ရရှိပါကစားဝတ်နေရေးအဆင်ပြေ လာမည်။

၂၀၂၀ခုနှစ် ဓနဖြူမြို့

**အနှစ်ချုပ်**

နွမ်းပါးသောသူများသည်ကျေးရွာတွင်အလုပ်အကိုင်အခွင့်နည်းပါးနေခြင်းကြောင့်အခြားမြို့များသို့ သွားရောက်လုပ်ကိုင်နေရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၆)ဦး၊ မ(၇)ဦး

**၂၀၂၀ခုနှစ်** **နေပြည်တော်**

## ၄။ ဓနုဖြူမြို့နယ်၊ကပ်ခိုကျေးရွာအုပ်စု၊ဥယျာဉ်ချောင်းကျေးရွာ၏ ပင့်ကူအိမ် သုံးသပ်ချက်။



**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

**ဝင်ငွေရှာနိုင်မှု**

ဥယျာဉ်ချောင်းကျေးရွာ၏ ဝင်ငွေရှာဖွေမှုတွင် အမျိုးသားများသည် (၈၀)ရာခိုင်နှုန်းရှိပြီး၊ အမျိုးသမီးများသည်(၃၀)ရာခိုင်နှုန်းရှိသည်။ ကျေးရွာရှိလုပ်ငန်းများလုပ်ကိုင်ရာတွင် အမျိုးသားများကပိုမိုအလုပ်အကိုင်ရရှိခြင်း၊ အလုပ်လုပ်ရာ တွင်လည်း အမျိုးသားများက လုပ်အားခ ပိုမိုရရှိပါသည်။

**အဖွဲ့အစည်းများတွင်ပါဝင်ခြင်း**

ဥယျာဉ်ချောင်းကျေးရွာရှိအဖွဲ့အစည်းများတွင် ပါဝင်ခြင်းတွင် အမျိုးသာများသည်(၈၀) ရာခိုင်နှုန်းရှိပြီး အမျိုးသမီး များသည်(၂၀)ရာခိုင်နှုန်းသာရှိပါသည်။ ဥယျာဉ်ချောင်း ကျေးရွာတွင် အဖွဲ့အစည်းများရှိသော်လည်း အမျိုးသမီးများပါဝင်ခွင့်အားနည်းနေခြင်း၊ အမျိုးသမီးများသည်

အိမ်မှုကိစ္စများနှင့်သာအချိန်ကုန်နေသောကြောင့် အမျိုးသမီးများ ပါဝင်ခွင့် အားနည်း နေရခြင်း ဖြစ်ပါသည်။

**ဆုံးဖြတ်ချက်ချပိုင်ခွင့်**

ဥယျာဉ်ချောင်းကျေးရွာ ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင်အမျိုးသမီးများမှာ (၃၀)ရာခိုင်နှုန်းသာ ရှိပြီးအမျိုးသားများသာ အများဆုံးဦးဆောင်နေပါသည်။ထိုသို့ဖြစ်ရခြင်းသည်အမျိုးသမီး များသည် အိမ်မှုကိစ္စ၌သာ အချိန်ကုန်နေခြင်းကြောင့် ပြင်ပဗဟုသုတနည်းပါးခြင်း၊ အမျိုးသားများ မှပြင်ပဗဟုသုတ ပြန်လည်မျှဝေမှုအားနည်းခြင်း တို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် ရွာရေး ရပ်ရေးကိစ္စများတွင် အမျိုးသားများကသာ ဦးဆောင်ဆုံးဖြတ်ချက်ချ ဆောင်ရွက်နေ၍ အမျိုသမီးများ၏ဆုံးဖြတ်ချက်ချပိုင်ခွင့်အားနည်းနေပါသည်။

**အိမ်မှုကိစ္စဆောင်ရွက်မှု**

အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အမျိုးသားများသည် (၂၀) ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည် (၉၀)ရာခိုင်နှုန်းရှိသည်။ အမျိုးသားများသည် အိမ်၏ စားဝတ်နေရေးအတွက် ဝင်ငွေရှာဖွေ နေရသောကြောင့် အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အားနည်းသည်။ ကျေးရွာတွင် အမျိုးသမီးများ လုပ်ကိုင်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေသောကြောင့် အမျိုးသမီးများသည် အိမ်မှုကိစ္စများ၊ ကလေးများ ၏ကျောင်းကိစ္စများနှင့်သာများသောအားဖြင့်အချိန်ကုန်နေရသည်။

**လူမှုရေးလုပ်ငန်း**

အုန်းတောစု ကျေးရွာရှိ လူမှုရေးလုပ်ငန်းများအနေဖြင့် အမျိုးသမီးများ(၅၀) ရာခိုင်နှုန်းရှိပြီး၊အမျိုးသားများမှာ(၇၀)ရာခိုင်နှုန်းဖြင့် တန်တူအခွင့်အရေးရရှိပါသည်။

**အမွေရပိုင်ခွင့်**


အမွေရရှိမှုတွင်အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှစွာရရှိကြပါသည်။ ရေးရိုးအစဉ်အလာ အရ အမျိုးသားနှင့်အမျိုးသမီးများကို တန်းတူအမွေရပိုင်ခွင့်အရပေးကြပါသည်

**အနှစ်ချုပ်**

ဥယျာဉ်ချောင်းကျေးရွာ တွင် အမျိုးသမီးများသည် အဖွဲ့အစည်းများတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့် အလုပ်အကိုင်အခွင့်အလမ်း ၊ဝင်ငွေရရှိမှု၊ လုံခြုံမှုများတွင် ပါဝင်ခွင့် လုပ်ပိုင်ခွင့်အားနည်းနေခြင်းအခက်အခဲများ ကြုံတွေ့နေရပါသည်။ အမျိုးသားများမှ မိမိ တို့၏ ပြင်ပဗဟုသုတများအားပြန်လည်မျှဝေပေးခြင်း၊အိမ်မှုကိစ္စများအားကူညီလုပ်ကိုင်ပေးခြင်း၊ဆုံးဖြတ် ချက်ချသည့်နေရာများတွင်ပူးပေါင်းပါဝင်ရန် လက်တွဲခေါ်ဆောင်ခြင်းတို့ဖြင့် အမျိုးသမီးများ ၏စွမ်းဆောင်ရည်များမြင့်တက်လာစေရန်ကူညီနိုင်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၁)ဦး၊မ(၇)ဦး

## ၅။ ဓနုဖြူမြို့နယ်၊ကပ်ခိုကျေးရွာအုပ်စု၊ဥယျာဥ်ချောင်းကျေးရွာ၏ ပိုင်ဆိုင်မှုသုံးသပ်ချက်။



**ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း**

ဥယျဉ်ချောင်း၏အမျိုးသမီးများသုံးစွဲသောအရင်းအမြစ်များမှာစက်ချုပ်ခြင်း၊ လုပ်ကိုင်ကြပါသည်။အမျိုးသားသုံးစွဲသောအရင်းအမြစ်များမှာ နွား၊လက်တွန်းထွန်စက်မောင်းခြင်း လုပ်ငန်းများလုပ်ကိုင်ကြပါသည်။အမျိုးသား အမျိုးသမီး သုံးစွဲသောအရင်းအမြစ်များမှာ ဆိုင်ကယ်၊ လယ်ယာမြေ၊ကိုင်း၊လမ်း၊ဘုန်းတော်ကြီးကျောင်း၊အလယ်တန်းကျောင်းနှင့်စက်ဘီးတို့ဖြစ်ပါသည်။ အမျိုးသမီး သီးသန့်ထိန်းချုပ်သော အရင်းအမြစ်များမှာ စက်ချုပ်ခြင်းလုပ်ငန်းတို့ဖြစ်ပါသည်။ အမျိုးသားသီးသန့်ထိန်းချုပ်သောအရင်းအမြစ်များမှာ ကိုင်း၊ ဘုန်းတော်ကြီးကျောင်း၊ အလယ်တန်းကျောင်း၊ ဆိုင်ကယ်၊ စက်ဘီးနှင့် လယ်ထွန်စက်တို့ဖြစ်ပါသည်။ အမျိုးသားနှင့် အမျိုးသမီးထိန်းချုပ်သောအရင်းအမြစ်မှာ လယ်ယာမြေ၊ ပဲနှုတ်ခြင်း၊ လမ်းတို့ဖြစ်ပါသည်။ ဥယျာဉ်ချောင်းကျေးရွာ ရှိအရင်းအမြစ်များကိုပြုပြင်ခြင်း၊ဆုံးဖြတ်ခြင်း၊ ထိန်းချုပ်ခြင်းများတွင် အမျိုးသမီးများထက်အမျိုးသားများကပို၍ထိန်းချုပ်ထားကြပါသည်။အမျိုးသားများဆောင်ရွက်သကဲ့သို့အမျိုးသမီးများလုပ်ကိုင်ပါကတန်းတူညီတူလုပ်ကိုင်ခွင့်ရှိပါသည်။

**အနှစ်ချုပ်**

ဉယျာဉ်ချောင်းကျေးရွာတွင် အမျိုးသမီးများ သုံးစွဲသော အရင်းအမြစ်နည်းပါးနေခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးနေခြင်းအခက်အခဲများကြုံတွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၁)ဦး၊မ(၇)ဦး

**၂၀၂၀ခုနှစ်** **နေပြည်တော်**

# ၆။ ဓနုဖြူမြို့နယ်၊ကပ်ခိုကျေးရွာအုပ်စု၊ဥယျာဉ်ချောင်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ သုံးသပ်ချက်။



**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

ဥယျာဉ်ချောင်း ကျေးရွာတွင်ရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်း၊ ကျောင်းကော်မတီအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊နာရေးကူညီမှုအသင်းနှင့် ဂေါပက အဖွဲ့တို့ဖြစ်ပါသည်။ ကျေးရွာ၏ရပ်ရေးရွာရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျေးရွာ ဆယ်အိမ်ခေါင်းအဖွဲ့နှင့် ကျေးရွာမှာရှိသောအဖွဲ့အစည်းများသည်ချိတ်ဆက် ဆောင်ရွက် လုပ်ကိုင်ပါသည်။ ကျေးရွာရာအိမ်မှူးနှင့်ဆယ်အိမ်ခေါင်းအဖွဲ့သည် ကျေးရွာ၏ အကြောင်း တစ်စုံတစ်ရာအခက်အခဲ ပြဿနာရှိပါက ကပ်ခိုကျေးရွာရှိ အုပ်ချုပ်ရေးမှူးမှ တဆင့်မြို့နယ် ထွေအုပ်ရုံးစခန်းနှင့်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်ပါသည်။ရပ်မိရပ်ဖအဖွဲ့၊လူငယ်အဖွဲ့နှင့်နာရေး ကူညီမှုအဖွဲ့တို့သည်ကျေးရွာအတွင်းရှိသာရေးနာရေးကိစ္စရပ်များကိုချိတ်ဆက်ဆောင်ရွက်လျက်ရှိ ပါသည်။ကျေးရွာအတွင်းအဖွဲ့အစည်းများသည်တိုင်ပင်ညှိနှိုင်း၍ကျေးရွာ၏သာရေးနာရေးကိစ္စများ ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချပါသည်။

**အနှစ်ချုပ်**

ဉယျာဉ်ချောင်းကျေးရွာ၌ အမျိုးသမီးများပါဝင်သော အဖွဲ့အစည်း နည်းပါးကြောင်းသိရှိရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၇)ဦး၊မ(၇)ဦး

**၂၀၂၀ခုနှစ်** **နေပြည်တော်**

ကျေးရွာအစည်းအဝေးဆောင်ရွက်နေပုံ




ကျေးရွာအစည်းအဝေးဆောင်ရွက်နေပုံ



၈။ ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား | မ | ရာထူး/တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | | | | | |
| ၁။ | ဦးအောင်ဇင် | ကျား | | ဥက္ကဌ | |
| ၂။ | ဒေါ်အိဇာသင်း | | မ | ဥက္ကဌ | |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | | |
| ၁။ | ဦးအောင်စိုး | ကျား | | ခေါင်းဆောင် | |
| ၂။ | ဒေါ်သက်သက်ခိုင် | | မ | မှတ်တမ်းထိန်း | |
| ၃။ | ဦးအေးကျော် | ကျား | | အဖွဲ့ဝင် | |
| ကျေးရွာငွေစရင်းကိုင် | | | | | |
| ၁။ | ဦးငွေးဝင်း | ကျား | | တာဝန်ခံ | |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | | |
| ၁။ | ဦးချစ်သန်း | ကျား | | ခေါင်ဆောင် | |
| ၂။ | ဒေါ်ခင်ငွေး | | မ | အဖွဲ့ဝင် | |
| ၃။ | ဒေါ်မှဲ့စိန် | | မ | အဖွဲ့ဝင် | |
| လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | | | | |
| ၁။ | ဒေါ်ညို | | မ | ခေါင်းဆောင် | |
| ၂။ | ဦးအုန်းညွန့် | ကျား | | အဖွဲ့ဝင် | |
| ၃။ | ဒေါ်မြင့်စန်း | | မ | အဖွဲ့ဝင် | |
| ဝေဖန်အကြံပြုတိုင်ကြားရေးတာဝန်ခံ | | | | | |
| ၁။ | ဦးညီဇော် | ကျား | | တာဝန်ခံ | |
| ၂။ | ဒေါ်အေးအေးခိုင် | | မ | တာဝန်ခံ | |
| ကျေးရွာစေတနာ့ဝန်ထမ်း | | | | | |
| ၁။ | ဒေါ်အေးခိုင် | | မ | အကူ | |
| ၂။ | ဦးကျော်ဆန်း | ကျား | | အကူ | |
| ၃။ | | | | အကူ | |
| ၄။ | | | | အကူ | |

၂၀၂၀ခုနှစ် နေပြည်တော်

ဓနုဖြူမြို့

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးချစ်ဦး | ၀၉၇၈၇၉၇၃၀၅၂ | ဦးမြေဝင်း |

| ~~မြန်မာနယ်~~/တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ဝနဖြူ | ကျေးရွာအုပ်စု ကဖိန် | ကျေးရွာ ဥယျာဉ်ချောင်း |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေး |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၇၁ | ဘာသာ (၁) ဗုဒ္ဓ | ၇၁ |
| လူမျိုးစု (၂) -------- | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) -------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၂၂ | ၁၃၃ |
| လူမျိုးစု (၁)--ဗမာ-- | ၁၂၂ | ၁၃၃ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၆ | ၁၅ |

(ဃ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ✓ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | |
| အလယ်တန်းကျောင်း | ☑ | မီးယပ်ဆေးခန်း | ☐ | ခရစ်ယာန်ကျောင်း | |
| လယ်လွှန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | |
| အထက်တန်းကျောင်း | ☐ | | | အခြား | |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(င) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာ | |
|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှ လာ သူ | | ရွာတွင်း နေထိုင်သူ | အခြားရွာမှ လာသူ | | ရွာတွ နေထ သူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ယ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားေ လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ရေကြောင်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ဝိုင်းပါ ရှိပါသည် (မရှိပါ) မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၄ တောင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 5 min. ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်
အခြား ----------------

မိုးရာသီတွင်ကြာချိန် 5 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်
အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------

(၂) ----------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးငွေဝင်း

လက်မှတ် [signature] နေ့ ၉.၈.၂၀၁၈

လူထုစည်းရုံးရေးမှူး အမည် ဦးချစ်ဦး

လက်မှတ် [signature] နေ့စွဲ 9.8.2018

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေးခွန်းလွှာရယူ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးချစ်သိန်း | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်-၀၉.၇၈၄၅၅၈၅၁၂ | လူထုစည်းရုံးရေးမှူး၏အမည်<br>ဦးအောင်သူဇော် |
| ပြည်နယ်၊တိုင်းဒေသကြီး<br>[illegible] | မြို့နယ်<br>[illegible] | ကျေးရွာအုပ်စု<br>[illegible] | ကျေးရွာ<br>[illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ဗမာ--- | ၇၅ | ဘာသာ(၁)-ဗုဒ္ဓ------- | ၇၅ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော------------ | |
| အခြား | | | |

| | |
|---|---|
| | အရေအတွက် |
| မသန်စွမ်းသူများ | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၆ |
| ...စ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)-ဗမာ--- | ၁၂၉ | ၁၄၁ | ၂၇၀ |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၆၅ | ၁၀ | ? |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂)ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ယ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ကျောက်ပြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်---------------------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၄ မိုင်---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၅ မိနစ်---ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -----------------------

မိုးရာသီတွင်ကြာချိန်---၅ မိနစ်---ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -----------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ-------------------------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------မရှိပါ----------------

(၂) ----------------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် - ဦးချစ်သန့်
လက်မှတ် (signature) နေ့စွဲ - ၃၀.၇.၂၀၁၉

လူထုစည်းရုံးရေးမှူး အမည် ဦးအောင်သူလင်း
လက်မှတ် နေ့စွဲ - ၃၀.၇.၂၀၁၉

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ချစ်ဦး | | | |
| နေ့စွဲ ၁၀.၈.၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
